ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ရောမမြို့

# အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စ၍ ပြည်ပ၌ အလုပ်လုပ်ကိုင် လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအပေါ် တွက်ချက်မှု နည်းလမ်း (၂)မျိုးဖြင့် တွက်ချက်ပြီးရရှိသည့် အခွန်ပမာဏ(၂) ရပ်အနက် နည်းရာ အခွန်ပမာဏဖြင့် ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၂-၁၁-၂၀၂၃ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၇၉/ ၂၀၂၃ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အီတလီနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ဟယ်လင်းနစ်နိုင်ငံနှင့် မော်လ်တာနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာနိုင်ငံသား Passport Type (PJ) နှင့် (PS) ကိုင်ဆောင်ထားသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ လာရောက်ဆောင်ရွက်သည့် ကာလအထိ ဝင်ငွေခွန်ထမ်းဆောင်ပြီးမှသာ မြန်မာသံရုံး၊ ရောမမြို့တွင် နိုင်ငံကူးလက်မှတ်သက်တမ်း တိုးမြှင့်ခြင်းအပါအဝင် ကောင်စစ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ အခြေခံလုပ်ခလစာနှုန်းထားများ၏ ၂ ရာခိုင်နှုန်းကို ဝင်ငွေခွန်ထမ်းဆောင်ရမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | နိုင်ငံ | သတ်မှတ်အခြေခံ လစာနှုန်းထား | လစဉ်ထမ်းဆောင်ရမည့် ၂ ရာခိုင်နှုန်း ဝင်ငွေခွန် |
|---|---|---|---|
| ၁။ | အီတလီနိုင်ငံ | ယူရို ၁၂၀၀ | ယူရို ၂၄ |
| ၂။ | ရိုမေးနီးယားနိုင်ငံ | ယူရို ၆၆၀ | ယူရို ၁၃ |
| ၃။ | ဟယ်လင်းနစ်နိုင်ငံ | ယူရို ၇၈၀ | ယူရို ၁၆ |
| ၄။ | ပေါ်တူဂီနိုင်ငံ | ယူရို ၇၆၀ | ယူရို ၁၅ |
| ၅။ | မော်လ်တာနိုင်ငံ | ယူရို ၇၇၀ | ယူရို ၁၅ |

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
ROME

မြန်မာသံရုံး၊ ရောမမြို့။
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်